# Myanmar Forest Restoration, Development and Investment Project (FREDIP)

## မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ဆိုင်ရာအချက်အလက်များ

ဒေါက်တာသောင်းနိုင်ဦး
ညွှန်ကြားရေးမှူး
စီမံကိန်းနှင့် စာရင်းအင်းဌာန
သစ်တောဦးစီးဌာန

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ

THE WORLD BANK

# နိဒါန်း

- သစ်တောဦးစီးဌာနက ကမ္ဘာ့ဘဏ်အဖွဲ့ ၏ အတိုးနှုန်းသက်သာသည့် ချေးငွေဖြင့် "Myanmar Forest Restoration, Development and Investment Project–FREDIP" ကို ဆောင်ရွက်ရန် အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

- **<u>စီမံကိန်းရည်မှန်းချက်များ</u>**
  - **သစ်တောစီမံအုပ်ချုပ်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေရန် နှင့် သစ်တောကဏ္ဍမှ စီးပွားရေး အခွင့်အလမ်းများတိုးတက်ရရှိစေရန်၊**
  - **စီမံကိန်း ဆောင်ရွက်မည့် ဒေသများရှိ ဒေသခံပြည်သူများအတွက် သစ်တောများမှရရှိမည့် အကျိုးကျေးဇူးများ ပိုမိုတိုးပွားလာစေရန်နှင့် ရေရှည်တည်တံ့စေသည့် ပြည်သူလူထု ပူးပေါင်း ပါဝင်သော သစ်တောစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊**

THE WORLD BANK

# နိဒါန်း

- စီမံကိန်းက ဆောင်ရွက်မည့် ကဏ္ဍအလိုက် လုပ်ငန်းအစီအစဉ်များနှင့် ရန်ပုံငွေ တွက်ချက်မှုများကို ကမ္ဘာ့ဘဏ်အဖွဲ့ နှင့် သစ်တောဦးစီးဌာနတို့ ညှိနှိုင်းဆွေးနွေး လျက်ရှိပါသည်။

- မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ် ဒါရိုက်တာများ ဘုတ်အဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးမှသာ စီမံကိန်းကို စတင်အကောင်အထည်ဖော်ရန် ဖြစ်သည့်အလျောက် နိုင်ငံတော်၏ မူဝါဒများ၊ ကမ္ဘာ့ဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိသည့် လုပ်ငန်းစီမံချက်များဖြစ်စေရန် ရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။

- Stakeholder Consultation Meeting များမှ ရရှိသည့် အကြံပြုချက်များဖြင့် စီမံချက်များကို အပြီးသတ် ပြင်ဆင်ပြုစု၍ ကမ္ဘာ့ဘဏ် ဒါရိုက်တာများ ဘုတ်အဖွဲ့နှင့် မြန်မာနိုင်ငံတော် အစိုးရ၏ စီမံကိန်းအတည်ပြုချက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး **၂၀၂၁ ခုနှစ် ဇွန်လ** တွင် ခွင့်ပြုချက်ရရှိနိုင်မည်ဟု ခန့်မှန်းထားပါသည်။

FREDIP Institutional Structure



# စီမံကိန်းဆိုင်ရာ အချက်အလက်များ

**စီမံကိန်းကာလ။** ၂၀၂၁-၂၂ ခုနှစ်မှ ၂၀၂၆-၂၇ ခုနှစ် အထိ (၆)နှစ်

**စီမံကိန်းဧရိယာ။** **တိုင်းဒေသကြီး ၆ ခုရှိ** ဆင်းရဲနွမ်းပါးမှု မြင့်မားသည့် ဒေသများ ၊ လက်နက်ကိုင် ပဋိပက္ခများ ကင်းလွတ်သည့် ဒေသများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော လျာထားချက်မြင့်မား သည့် ဒေသများ၊




Source: World Bank Group

# စီမံကိန်းဆိုင်ရာ အချက်အလက်များ

## စီမံကိန်းမှ ဆောင်ရွက်မည့် လုပ်ငန်းများ

- ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း(CF)၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ (အသုံးပြုသူများအဖွဲ့များအား လှည့်ပတ်ရန်ပုံငွေ ထောက်ပံ့သည့် အစီအစဉ်တည်ထောင်ထားရှိကာ ပံ့ပိုးခြင်းဖြင့်)၊
- ရေရှည် တည်တံ့စေမည့် စီးပွားရေးသစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ရင်းနှီးမြှုပ်နှံမည့် ပုဂ္ဂလိကကဏ္ဍအတွက် လုပ်သာကိုင်သာသော အခြေအနေကောင်းများ ဖန်တီးနိုင်ရန် ပံ့ပိုးပေးခြင်း၊
- သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအား အထောက်အပံ့ပေးခြင်း၊
- တရားဝင် သစ်ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသော အခြေအနေ ကောင်းများ ဖန်တီးပေးခြင်း
- သစ်တောဦးစီးဌာနအတွက် အဖွဲ့အစည်းဆိုင်ရာ အားကောင်းစေခြင်း၊

# ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ CF နှင့် စီးပွားရေးသစ်တောစိုက်ခင်းတည်ထောင်ရန် လျာထားချက်များ

❖ **အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁-၀၂ မှ ၂၀၃၀-၃၁) လျာထားချက်**

- ❖ ၂၀၃၀ ခုနှစ်အတွင်း တည်ထောင်ရန် CF လျာထားဧရိယာ = ဧက ၂.၂၇ သန်း (နိုင်ငံဧရိယာ၏ ၁.၃၆%)
- ❖ တည်ထောင်ပြီး CF ဧရိယာ ဧက = ၈၅၈,၀၉၀ ဧက (လျာထားပမာဏ၏ ၃၇.၈%တည်ထောင်ပြီး)
- ❖ CFUG = ၆,၃၆၆ ဖွဲ့
- ❖ CF အဖွဲ့ဝင်ပေါင်း = ၁၆၁,၆၉၆ ဦး

❖ **မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး စီမံကိန်း (MRRP) ရည်မှန်းချက်များ (၂၀၁၇-၁၈ မှ ၂၀၂၆-၂၇ ထိ)**

- ❖ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ CF လျာထားဧရိယာ = ၇၇၀,၃၃၂ ဧက
- ❖ သစ်တောဦးစီးဌာန မှ တည်ထောင်ရန်လျာထား စီးပွားရေးစိုက်ခင်းဧရိယာ = ၃၅၂,၄၈၃ ဧက
- ❖ ပုဂ္ဂလိက မှ တည်ထောင်ရန် လျာထား စိုက်ခင်းဧရိယာ = ၂၈၅,၁၀၄ ဧက

# စီမံကိန်းဆိုင်ရာ အချက်အလက်များ

| စီမံကိန်းအပိုင်း | လုပ်ငန်း | ရန်ပုံငွေ (အမေရိကန် ဒေါ်လာ) |
|---|---|---|
| (၁) | **ထုတ်လုပ်ရေးသစ်တောများ( Productive Forests)** | |
| | (၁.၁) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည် ထောင်ခြင်းလုပ်ငန်း (CF/CFE) များ (Community Forest, including CFE) | ၆၃.၃သန်း |
| | (၁.၂) ပုဂ္ဂလိကစိုက်ခင်းလုပ်ငန်းများအား ပံ့ပိုးခြင်း (Sustainable private sector plantation development) | ၂.၉ သန်း |
| (၂) | **အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း (Community Forestry for Livelihood)** | ၃၆.၃ သန်း |
| (၃) | **သစ်တောကာကွယ်ခြင်း(Forest Protection)** | |
| | (၃.၁) သဘာဝထိန်းသိမ်းရေးနယ်မြေများစီမံအုပ်ချုပ် မှု မြှင့်တင်ခြင်း (Protected Areas Management and Ecotourism Development) | ၄.၈သန်း |
| | (၃.၂) တရားမဝင် သစ်တောလုပ်ငန်းများ ကာကွယ်တားဆီး ခြင်း (Detection and Prevention of Illegal Forest Activities) | ၁၂ သန်း |
| (၄) | **အဖွဲ့အစည်းဆိုင်ရာခိုင်မာအားကောင်းစေခြင်း၊ စီမံကိန်းစီမံခန့်ခွဲမှု နှင့် စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း (Institutional Strengthening and Project Management, Monitoring and Evaluation)** | ၉.၆သန်း |
| | **စုစုပေါင်း** | **၁၂၈.၉ သန်း** |

## စစ်ကိုင်းတိုင်းဒေသကြီး သစ်တောစီမံအုပ်ချုပ်မှု ဆိုင်ရာ အချက်အလက်များ

| | | |
|---|---|---|
| ၁။ | တိုင်းဒေသကြီး ဧရိယာအကျယ်အဝန်း | ၂၃,၁၅၄,၃၈၂ဧက (၃၆၁၇၈.၇၂ စတုရန်းမိုင်) |
| ၂။ | ကြိုးဝိုင်းတော | ၁၆၁ ခု(၅,၀၄၄,၈၈၄.၈၂ ဧက) |
| ၃။ | ကြိုးပြင်ကာကွယ်တော | ၁၀၇ ခု(၁,၇၁၅,၇၀၃.၈၁ ဧက) |
| ၅။ | သဘာဝထိန်းသိမ်းရေးနယ်မြေ | ၅ ခု (၂,၆၄၀,၉၂၉.၇၇ ဧက) |
| ၆။ | သစ်တောနယ်မြေ စုစုပေါင်း | ၉,၄၀၁,၅၁၈.၄ ဧက |
| ၇။ | သစ်တောနယ်မြေအကျယ်အဝန်းရာခိုင်နှုန်း | ၄၀.၆၀ % |
| ၈။ | သစ်တောဖုန်းလွှမ်းမှု ရာခိုင်နှုန်း | ၄၇.၀၄ % (၁၀,၈၉၃,၀၀၈.၂၀)ဧက |

## စစ်ကိုင်းတိုင်းဒေသကြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အချက်အလက်များ (၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ)

| | | |
|---|---|---|
| ၁။ | အသုံးပြုသူများ အဖွဲ့အရေအတွက် | ၁,၈၄၈ ဖွဲ့ |
| ၂။ | အဖွဲ့ဝင်ဦးရေ | ၂၅,၄၁၂ ဦး |
| ၃။ | ဧရိယာ | ၁၇၄,၄၂၅.၅၈ ဧက |

## မန္တလေးတိုင်းဒေသကြီး သစ်တောစီမံအုပ်ချုပ်မှု ဆိုင်ရာ အချက်အလက်များ

| | | |
|---|---|---|
| ၁။ | တိုင်းဒေသကြီး ဧရိယာအကျယ်အဝန်း | ၇,၆၃၂,၆၁၁ ဧက |
| ၂။ | ကြိုးဝိုင်းတော | ၇၅ ခု (၁,၃၆၆,၈၅၀.၁၄ ဧက) |
| ၃။ | ကြိုးပြင်ကာကွယ်တော | ၄၀ ခု (၂၀၃,၉၄၇.၃၅ ဧက) |
| ၅။ | သဘာဝထိန်းသိမ်းရေးနယ်မြေ | ၆ ခု (၈၃,၆၈၈.၃၈ ဧက) |
| ၆။ | သစ်တောနယ်မြေ စုစုပေါင်း | ၁,၆၅၄,၄၈၅.၈၇ဧက |
| ၇။ | သစ်တောနယ်မြေအကျယ်အဝန်းရာခိုင်နှုန်း | ၂၂ % |
| ၈။ | သစ်တောဖုန်းလွှမ်းမှု ရာခိုင်နှုန်း | ၁၇ % (၁,၃၁၀,၇၂၈ ဧက ) (FRA 2020) |

## မန္တလေးတိုင်းဒေသကြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အချက်အလက်များ (၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ)

| | | |
|---|---|---|
| ၁။ | အသုံးပြုသူများ အဖွဲ့အရေအတွက် | ၄၇၀ ဖွဲ့ |
| ၂။ | အဖွဲ့ဝင်ဦးရေ | ၁၄,၉၂၃ ဦး |
| ၃။ | ဧရိယာ | ၄၁,၈၆၆.၂၁ ဧက |

## မကွေးတိုင်းဒေသကြီး သစ်တောစီမံအုပ်ချုပ်မှု ဆိုင်ရာ အချက်အလက်များ

| | | |
|---|---|---|
| ၁။ | တိုင်းဒေသကြီး ဧရိယာအကျယ်အဝန်း | ၁၁၀၇၅၄၀၅ ဧက |
| ၂။ | ကြိုးဝိုင်းတော | ၁၀၁ခု (၂၂၈၂၀၇၂ ဧက) |
| ၃။ | ကြိုးပြင်ကာကွယ်တော | ၆၆ ခု (၄၃၇၃၅၆ ဧက) |
| ၅။ | သဘာဝထိန်းသိမ်းရေးနယ်မြေ | ၃ ခု (၁၁၆၁၄၂.၉၁ ဧက) |
| ၆။ | သစ်တောနယ်မြေ စုစုပေါင်း | ၂၇၆၀၀၅၁ ဧက |
| ၇။ | သစ်တောနယ်မြေအကျယ်အဝန်းရာခိုင်နှုန်း | ၂၄.၉၂ % |
| ၈။ | သစ်တောဖုန်းလွှမ်းမှု ရာခိုင်နှုန်း | ၁၄.၁၁ % (၁၅၆၃၄၆၃ ဧက ) (FRA 2020) |

## မကွေးတိုင်းဒေသကြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အချက်အလက်များ (၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ)

| | | |
|---|---|---|
| ၁။ | အသုံးပြုသူများ အဖွဲ့အရေအတွက် | ၉၇၈ ဖွဲ့ |
| ၂။ | အဖွဲ့ဝင်ဦးရေ | ၃၃၆၃၄ ဦး |
| ၃။ | ဧရိယာ | ၁၆၀၃၁၉.၆၃ ဧက |

## ပဲခူးတိုင်းဒေသကြီး သစ်တောစီမံအုပ်ချုပ်မှု ဆိုင်ရာ အချက်အလက်များ

| | | |
|---|---|---|
| ၁။ | တိုင်းဒေသကြီး ဧရိယာအကျယ်အဝန်း | ၉,၇၃၇,၀၃၀ ဧက |
| ၂။ | ကြိုးဝိုင်းတော | ၁၀၃ ခု (၃၂၇,၀၂၄ ဧက) |
| ၃။ | ကြိုးပြင်ကာကွယ်တော | ၈ ခု (၆၄၁,၂၈၉ ဧက) |
| ၅။ | သဘာဝထိန်းသိမ်းရေးနယ်မြေ | ၂ ခု (၂၆၈,၅၃၈ ဧက) |
| ၆။ | သစ်တောနယ်မြေ စုစုပေါင်း | ၄,၁၈၀,၀၆၈ ဧက |
| ၇။ | သစ်တောနယ်မြေအကျယ်အဝန်းရာခိုင်နှုန်း | ၄၂.၉၃ % |
| ၈။ | သစ်တောဖုန်းလွှမ်းမှု ရာခိုင်နှုန်း | ၅၉ % (၅,၇၄၈,၆၆၀ ဧက ) (FRA 2020) |

## ပဲခူးတိုင်းဒေသကြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အချက်အလက်များ (၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ)

| | | |
|---|---|---|
| ၁။ | အသုံးပြုသူများ အဖွဲ့အရေအတွက် | ၄၉၄ ဖွဲ့ |
| ၂။ | အဖွဲ့ဝင်ဦးရေ | ၉၁၅၉ ဦး |
| ၃။ | ဧရိယာ | ၁၁၄,၈၁၈.၇၄ ဧက |

## ရေဝတီတိုင်းဒေသကြီး သစ်တောစီမံအုပ်ချုပ်မှု ဆိုင်ရာ အချက်အလက်များ

| | | |
|---|---|---|
| ၁။ | တိုင်းဒေသကြီး ဧရိယာအကျယ်အဝန်း | ၈,၆၅၆,၅၆၄ ဧက |
| ၂။ | ကြိုးဝိုင်းတော | ၃၅ ခု (၁,၄၅၉,၈၉၆ ဧက) |
| ၃။ | ကြိုးပြင်ကာကွယ်တော | ၂ ခု (၄၇,၃၇၂ ဧက) |
| ၅။ | သဘာဝထိန်းသိမ်းရေးနယ်မြေ | ၂ ခု (၃၃,၉၉၇ ဧက) |
| ၆။ | သစ်တောနယ်မြေ စုစုပေါင်း | ၁,၅၄၁,၂၆၅ ဧက |
| ၇။ | သစ်တောနယ်မြေအကျယ်အဝန်းရာခိုင်နှုန်း | ၁၇.၈၀ % |
| ၈။ | သစ်တောဖုန်းလွှမ်းမှု ရာခိုင်နှုန်း | ၃၄.၃၀ % (FRA 2020) |

## ရေဝတီတိုင်းဒေသကြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အချက်အလက်များ (၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ)

| | | |
|---|---|---|
| ၁။ | အသုံးပြုသူများ အဖွဲ့အရေအတွက် | ၂၆၆ ဖွဲ့ |
| ၂။ | အဖွဲ့ဝင်ဦးရေ | ၈,၃၆၀ ဦး |
| ၃။ | ဧရိယာ | ၂၆,၅၃၂.၅၉ ဧက |

## နေပြည်တော်ပြည်ထောင်စုနယ်မြေ သစ်တောစီမံအုပ်ချုပ်မှု ဆိုင်ရာ အချက်အလက်များ

| | | |
|---|---|---|
| ၁။ | ဧရိယာအကျယ်အဝန်း | ၈,၆၅၆,၅၆၄ ဧက |
| ၂။ | ကြိုးဝိုင်းတော | ၃၅ ခု (၁,၄၅၉,၈၉၆ ဧက) |
| ၃။ | ကြိုးပြင်ကာကွယ်တော | ၂ ခု (၄၇,၃၇၂ ဧက) |
| ၅။ | သဘာဝထိန်းသိမ်းရေးနယ်မြေ | ၂ ခု (၃၃,၉၉၇ ဧက) |
| ၆။ | သစ်တောနယ်မြေ စုစုပေါင်း | ၁,၅၄၁,၂၆၅ ဧက |
| ၇။ | သစ်တောနယ်မြေအကျယ်အဝန်းရာခိုင်နှုန်း | ၁၇.၈၀ % |
| ၈။ | သစ်တောဖုန်းလွှမ်းမှု ရာခိုင်နှုန်း | ၃၄.၃၀ % (FRA 2020) |

## နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အချက်အလက်များ (၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ)

| | | |
|---|---|---|
| ၁။ | အသုံးပြုသူများ အဖွဲ့အရေအတွက် | ၂၉၅ ဖွဲ့ |
| ၂။ | အဖွဲ့ဝင်ဦးရေ | ၂,၁၄၇ ဦး |
| ၃။ | ဧရိယာ | ၉,၄၂၉.၃၂ ဧက |

# စီမံကိန်းအပိုင်း (၁) ထုတ်လုပ်ရေးသစ်တောများ( Productive Forests)

စီမံကိန်း အပိုင်း ၁-၁။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့်
ဒေသခံပြည်သူ အစု အဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော
စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း (CF and CFE Development)

**စီမံကိန်း အပိုင်း ၁-၁။** **ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း**

## ရည်ရွယ်ချက်

- **ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်းဖြင့် ပြည်သူ လူထုပူးပေါင်းပါဝင်သော သစ်တောစီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်လာခြင်း (မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး (MRRP) လျာထား ချက်များကို အထောက်အကူပြုစေခြင်း)**

THE WORLD BANK

**စီမံကိန်း အပိုင်း ၁-၁။** ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း(အဆက်)

**အဓိကဆောင်ရွက်မည့် လုပ်ငန်းများ**

၁။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း (CF) နှင့် CF အခြေပြု စီးပွားရေးလုပ်ငန်များ (CFE) စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရန် ဥပဒေ၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခြင်း၊

၂။ သစ်တောများ ပြုန်းတီးလျက်ရှိသောနေရာများတွင် သစ်တောများ ပြန်လည်တိုးတက်ကောင်းမွန်လာစေရန်အတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အသစ်များ (New CF) တည် ထောင်ခြင်းနှင့် ပံ့ပိုးဆောင်ရွက်ခြင်း ၊

၃။ တည်ထောင်ပြီးသည့်CFများ ခိုင်မာအားကောင်းလာစေရန် ပံ့ပိုး ဆောင်ရွက်ခြင်း၊

၄။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအခြေခံသော စီးပွားရေးလုပ်ငန်းများ (CFE) ရှင်သန်လာစေရန် ပံ့ပိုးခြင်း၊

**စီမံကိန်း အပိုင်း ၁-၁။** **ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း(အဆက်)**

- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို **အောက်ပါ ဒေသ များတွင်** အစပြုဆောင်ရွက်မည်ဖြစ်ပါသည်-

  ၁။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်ရန် **အလားအလာ အများဆုံး ရှိသည့် မြို့နယ်များ**(MRRP လျာထား သတ်မှတ်ချက်များအရ)၊

  ၂။ ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ဆင်းရဲမှုအညွှန်းကိန်းအရ **ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံး မြို့နယ်များ**၊

  ၃။ ထင်းလောင်စာထုတ်ယူမှုအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် **သစ်တောအတန်းအစားကျဆင်းမှု ဖြစ်နေသည့် အလေးပေးကာကွယ်ရမည့်နေရာများဟု ခန့်မှန်းထားသည့် မြို့နယ်များ**၊

- စီမံကိန်းကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း **CF အသစ် ၁၀၀၀** တည်ထောင်ရန်လျာထား၊ **CF အဟောင်း ၂၀၀၀** ကို ပြန်လည်သက်ဝင်ဖွံ့ဖြိုးလာစေရန် လျာထား၊
- CF အခြေခံ စီးပွားရေးလုပ်ငန်း **CFE ၁၆ ခု** (Group of CF-Cluster) တည်ထောင်ရန် လျာထား ဆောင်ရွက်မည်ဖြစ်သည်။

စီမံကိန်း ပြီးဆုံးသည့်ကာလတွင် တိုင်းဒေသကြီးအသီးသီးရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ရန် အလားအလာရှိသော မြို့နယ်အားလုံးကို လွှမ်းခြုံ မိမည်ဖြစ်ပါသည်။

THE WORLD BANK

**စီမံကိန်း အပိုင်း ၁-၁။** ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း(အဆက်)

**အကျိုးကျေးဇူးများ**

၁။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ထွက်ကုန်များကို ဈေးကွက်သို့ ပိုမို လက်လှမ်းမီ တင်ပို့ရောင်းချနိုင်မည့် အခြေအနေများ ဖော်ဆောင်နိုင်ခြင်း၊

၂။ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ပေါ်ထွန်းနိုင်ခြင်း၊

၃။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊

# စီမံကိန်းအပိုင်း (၁) ထုတ်လုပ်ရေးသစ်တောများ( Productive Forests)

**စီမံကိန်း အပိုင်း ၁-၂။ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်စေရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း**

**(Incentivizing investment in Private Plantation)**

THE WORLD BANK

## စီမံကိန်း အပိုင်း ၁-၂။ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်စေရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း (Incentivizing investment in Private Plantation)

**ဆောင်ရွက်ရသည့် အကြောင်းအရင်း**

- ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ရာတွင် ကြုံတွေ့ ရသော အခက်အခဲများနှင့် ပုဂ္ဂလိကစိုက်ခင်း ရင်းနှီးမြှုပ်နှံမှု ပိုမိုကောင်းမွန်စေရန် ဖြေရှင်း ပေးရမည့် မူဝါဒနှင့် နည်းပညာဆိုင်ရာ အတားအဆီးများကို ဖြေရှင်းကူညီဆောင်ရွက်ရန်

**အခက်အခဲများ**

- မြေနေရာရရှိနိုင်မှု၊
- မြေအသုံးချမှုပဋိပက္ခ၊
- စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန် လွယ်ကူမှု၊
- လုပ်ထုံးလုပ်နည်း ရှုပ်ထွေးမှု၊
- ဝန်ထမ်းအင်အားမလုံလောက်မှု၊
- တရားဥပဒေစိုးမိုးမှုဆိုင်ရာလုပ်ငန်းများ တွင် စွမ်းဆောင်ရည် အားနည်းခြင်း၊
- တရားမဝင်သစ်များကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ခြင်း

## စီမံကိန်း အပိုင်း ၁-၂။ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်စေရေး ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း (အဆက်)

**ရည်ရွယ်ချက်**

- သစ်တောစိုက်ခင်း နှင့် ဆက်စပ်သော သစ်အခြေခံ စက်မှုလုပ်ငန်းများတွင် ပြည်တွင်း /ပြည်ပမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန်နှင့် အလုပ်အကိုင်(Cash for work)များ ဖန်တီးပေးနိုင်ရန် (**Investment** & **Employment**)၊
- သစ်တောစိုက်ခင်းများမှ ပြည်တွင်း၊ ပြည်ပ သစ်ကုန်ကြမ်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် သဘာဝတောများအပေါ် မှီခိုမှု လျှော့ချနိုင်ရန် (**Natural Forest Conservation**)၊
- သစ်တောပျက်စီးပြုန်းတီးနေသော နေရာများတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် မြေအသုံးချမှုတန်ဖိုး မြှင့်တင်နိုင်ရန် (**Forest rehabilitation** & **land productivity**)
- သစ်တောစိုက်ခင်းများတည်ထောင်ခြင်းကဏ္ဍတွင် ဒေသခံများ၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူ များ နှင့် ပုဂ္ဂလိကများ စုပေါင်းအကျိုးတူ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သော လုပ်ငန်းစဉ် များ ပေါ်ထွက်လာစေရန်၊ (**all inclusive mechanism**)
- သစ်တောစိုက်ခင်း အုပ်ချုပ်လုပ်ကိုင်မှုကို အထောက်အကူဖြစ်စေမည့် သစ်တောစိုက်ခင်း ဆိုင်ရာ သတင်းအချက်အလက်စနစ် တည်ထောင်ရန်(**Plantation information system**)

## စီမံကိန်း အပိုင်း ၁-၂။ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်စေရေး ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း(အဆက်)

### အဓိကဆောင်ရွက်မည့် လုပ်ငန်းများ

၁။ ပုဂ္ဂလိကသစ်တောစိုက်ခင်းလုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရန် အားပေးထောက်ကူမည့် ပတ်ဝန်းကျင်အခြေအနေကောင်းများ (Enabling Environment) ဖန်တီးဆောင်ရွက်ခြင်း၊

၂။ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ရန် အလားအလာကောင်းသော **စစ်ကိုင်း၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီး**ရှိ ခရိုင်(၉)ခုတွင် ပုဂ္ဂလိကစိုက်ခင်း တည်ထောင်နိုင်မည့် **တင်ဒါလုပ်ကွက်များ ဖော်ထုတ်ရန်** မြေနေရာရွေးချယ် သတ်မှတ်၍ **ရင်းနှီးမြှုပ်နှံနိုင်မည့်ပုံစံ** ဖော်ထုတ်ခြင်း

၃။ သစ်တောစိုက်ခင်းများစီမံခန့်ခွဲမှုဆိုင်ရာ တိုးတက်ကောင်းမွန်စေရန် ၊ နိုင်ငံအဆင့် **သစ်တောစိုက်ခင်းဆိုင်ရာ သတင်းအချက်အလက်စနစ်** တည်ထောင်ခြင်း။

THE WORLD BANK

## စီမံကိန်း အပိုင်း ၁-၂။ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်စေရေး ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း(အဆက်)

**အကျိုးကျေးဇူးများ**

၁။ ပုဂ္ဂလိကသစ်တောစိုက်ခင်းရင်းနှီးမြှုပ်နှံရာတွင် ကြုံတွေ့နေရသော အခက်အခဲ၊ အတားအဆီးများကို ဆက်စပ်ပတ်သက်သူအားလုံး၏ ပါဝင်မှုဖြင့် ဖော်ထုတ်ဖြေရှင်းနိုင်ခြင်း၊

၂။ ပိုမိုထိရောက်အောင်မြင်သော သစ်တောစိုက်ခင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပုံစံများ ဖော်ထုတ်နိုင်ခြင်း၊

၃။ သစ်တောစိုက်ခင်းဆိုင်ရာ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေမည့် သစ်တောစိုက်ခင်းဆိုင်ရာ သတင်းအချက်အလက်စနစ် တည်ထောင်နိုင်ခြင်း၊

**စီမံကိန်းအပိုင်း(၂)။** **အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း (Community Forestry for Livelihood)**

<u>ရည်ရွယ်ချက်</u>

- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများမှ အကျိုးအမြတ်ရရှိမှုများ ရရှိပြီး အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း
- အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအတွက် အရင်းအနှီးရရှိပြီး ဝင်ငွေများ ဖန်တီးနိုင်ကာ လူမှုဘဝဖွံ့ဖြိုးတိုးတက် လာစေခြင်းနှင့် CF လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း (လှည့်ပတ်ရန်ပုံငွေ Revolving Fund စနစ် ဖြင့် ဆောင်ရွက်ခြင်း)

**စီမံကိန်းအပိုင်း(၂)။** **အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း (Community Forestry for Livelihood)**

**အဓိကဆောင်ရွက်မည့် လုပ်ငန်းများ**

၁။ ရန်ပုံငွေ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း (စီမံအုပ်ချုပ်ခြင်း၊ သင်တန်း စသည့်)၊

၂။ လည့်ပတ်ရန်ပုံငွေ မတည်ပေးခြင်း၊

၃။ အသက်မွေးဝမ်းကြောင်း ဖွံ့ဖြိုးတိုးတက်စေရေး စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ဈေးကွက် ချိတ်ဆက်ခြင်း စသည် ဆောင်ရွက်ရန် (သင်တန်း စသည့်)၊

**အကျိုးကျေးဇူး**

- CF အသုံးပြုသူများအဖွဲ့တို့၏ ရိုးရာအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် ရေရှည်တည်တံ့စေမည့် လုပ်ငန်းအသစ်များ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်နိုင်ခြင်း၊

# စီမံကိန်းအပိုင်း (၃)။ သစ်တောကာကွယ်ခြင်း(Forest Protection)

## စီမံကိန်း အပိုင်း ၃-၁။ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှု အဆင့်မြှင့်တင်ခြင်း

## (Strengthening of Protected Area Management )

## စီမံကိန်း အပိုင်း ၃-၁။ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှု အဆင့်မြှင့်တင်ခြင်း (Strengthening of Protected Area Management )

### စီမံကိန်းလုပ်ငန်းစဉ်များ နှင့် မျှော်မှန်းရလဒ်များ

- အခြေခံအဆောက်အဦများ မြှင့်တင်ခြင်း
- ဇီဝမျိုးစုံမျိုးကွဲနှင့် နေရင်းဒေသများ ထိန်းသိမ်းကာကွယ်ခြင်း

→ **သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှု အဆင့်မြှင့်တင်ခြင်း (Improved PA Management)**

- ကြားခံနယ်မြေ စီမံအုပ်ချုပ်ခြင်း
- ဒေသခံအခြေပြု ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း

→ **ခြိမ်းခြောက်မှုများ လျော့နည်း ပပျောက်စေရေး ဆောင်ရွက်ခြင်း (Reduced threats to PA)**

- သဘာဝအခြေခံခရီးသွားလုပ်ငန်း မြှင့်တင်ခြင်း
- Payment for Ecosystem Services ကို စမ်းသပ်ဆောင်ရွက်ခြင်း

→ **စဉ်ဆက်မပြတ် ရန်ပုံငွေရရှိမှုစနစ် တည်ထောင်ခြင်း (Sustainable Financing Mechanism)**

စီမံကိန်းလုပ်ငန်းစဉ်များ နှင့် မျှော်မှန်းရလဒ်များ

THE WORLD BANK

# စီမံကိန်း အပိုင်း ၃-၁။ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှု အဆင့်မြှင့်တင်ခြင်း (Strengthening of Protected Area Management )

## စီမံကိန်း ဆောင်ရွက်မည့်ဒေသ

ထမံသီဘေးမဲ့တော
(စစ်ကိုင်းတိုင်းဒေသကြီး)

ချပ်သင်းဘေးမဲ့တော
(စစ်ကိုင်းတိုင်းဒေသကြီး)

အလောင်းတော်ကဿပအမျိုးသား ဥယျာဉ်
(စစ်ကိုင်းတိုင်းဒေသကြီး)

မြောက်ဇာမရီဘေးမဲ့တော
(ပဲခူးတိုင်းဒေသကြီး)

မိုးယွန်းကြီးအင်း ဘေးမဲ့တော
(ပဲခူးတိုင်းဒေသကြီး)



(အဆိုပြု)မဟာမြိုင်ဘေးမဲ့တော
(စစ်ကိုင်းတိုင်းဒေသကြီး)

ပုပ္ပါးတောင်ဥယျာဉ်
(မန္တလေးတိုင်းဒေသကြီး)

ရွှေဥဒေါင်းဘေးမဲ့တော
(မန္တလေးတိုင်းဒေသကြီး)

ရွှေစက်တော်ဘေးမဲ့တော
(မကွေးတိုင်းဒေသကြီး)

မိန်းမလှကျွန်းဘေးမဲ့တော
(ဧရာဝတီတိုင်းဒေသကြီး)

## စီမံကိန်း အပိုင်း ၃-၁။ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှု အဆင့်မြှင့်တင်ခြင်း (Strengthening of Protected Area Management )

**အကျိုးကျေးဇူးများ**

၁။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းတွင် ဒေသခံပြည်သူများ ပိုမို ပါဝင်ဆောင်ရွက်လာခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း၊

၂။ ဝင်ငွေ နှင့် အခွန်ငွေ ရရှိစေမည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအမံများ၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး လုပ်ငန်းများ ပိုမို အားကောင်းစေခြင်း။

# စီမံကိန်းအပိုင်း (၃)။ သစ်တောကာကွယ်ခြင်း(Forest Protection)

## စီမံကိန်း အပိုင်း ၃-၂။ တရားမဝင် သစ်တောလုပ်ငန်းများ ကာကွယ်တားဆီး ခြင်း

## (Detection and Prevention of Illegal Forest Activities)

THE WORLD BANK

## စီမံကိန်း အပိုင်း ၃-၂။ တရားမဝင် သစ်တောလုပ်ငန်းများ ကာကွယ်တားဆီး ခြင်း (Detection and Prevention of Illegal Forest Activities)

**ရည်ရွယ်ချက်**

- သဘာဝတောများမှ တရားမဝင် သစ်ခိုးယူခုတ်လှဲခြင်းများကို ကာကွယ်တားဆီးမှု စွမ်းရည် မြှင့်တင်နိုင်ရန်၊
- ခိုင်မာသော ဆက်သွယ်ရေးနှင့် စီမံအုပ်ချုပ်မှု ယန္တရားများ တည်ဆောက်ခြင်းဖြင့် တရားမဝင်သစ် ခိုးယူခုတ်လှဲခြင်းများ ကြိုတင်တားဆီးကာကွယ်နိုင်ရန်၊

THE WORLD BANK

## စီမံကိန်း အပိုင်း ၃-၂။ တရားမဝင် သစ်တောလုပ်ငန်းများ ကာကွယ်တားဆီး ခြင်း (Detection and Prevention of Illegal Forest Activities) (အဆက်)

**အဓိကဆောင်ရွက်မည့် လုပ်ငန်းများ**

- လုပ်ငန်းနယ်ပယ်အတွင်း ထိရောက်သောပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခြင်း (Workshop)
- နှစ်စဉ်လုပ်ငန်းနယ်ပယ်နှင့်နည်းဗျူဟာကို ပြန်လည်သုံးသပ်ခြင်း (Annual Review)
- ဝန်ထမ်းများနှင့် ဆက်စပ်ပတ်သက်သူများကို စွမ်းဆောင်ရည်မြှင့်သင်တန်းများပို့ခြင်း (Training)
- ကွင်းဆင်းစစ်ဆေးရန်နှင့် သတင်းအချက်အလက်များ ခိုင်မာအောင်တည်ဆောက်ခြင်း (Inquire Tour)
- သစ်တောများတွင်ဖြစ်ပေါ်နေသော လက်ရှိအခြေအနေများကို ခေတ်မှီနည်းပညာများ အကူအညီဖြင့် ထောက်လှမ်းရန် (Remote Sensing technology)
- ပြည်သူလူထုပူးပေါင်းပါဝင်သော သတင်းပေးစနစ်များဖြင့် ကြိုတင်တားဆီး ကာကွယ်ခြင်းများ ထိရောက်စွာဆောင်ရွက်ရန် (CMRS and Early warning detection )

## စီမံကိန်း အပိုင်း ၃-၂။ တရားမဝင် သစ်တောလုပ်ငန်းများ ကာကွယ်တားဆီး ခြင်း (Detection and Prevention of Illegal Forest Activities) (အဆက်)

### အဓိကဆောင်ရွက်မည့် လုပ်ငန်းများ

- အခြေခံလိုအပ်ချက်များ တည်ဆောက်ခြင်း
  - ကွတ်ကဲရေးစင်တာ နှင့် အထိုင်ချစခန်းများတည်ဆောက်ခြင်း
  - သတင်းထောက်လှမ်းခြင်းနှင့် ကင်းလှည့်စစ်ဆေးမည့် စက်ပစ္စည်းများ တပ်ဆင်ခြင်း
  - အခြေခံကျသောဗဟိုပြုရုံးများ ၏ ဆက်သွယ်ရေး မှတ်တမ်းသတင်း နှင့်ပြန်ကြားရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

### အကျိုးကျေးဇူး

**ပြည်သူလူထုပူးပေါင်းပါဝင်သည့် တရားမဝင်သစ်ထုတ်လုပ်မှု ကာကွယ်တားဆီးသည့် စနစ် ပိုမိုအားကောင်းလာစေခြင်း၊**

**တရားမဝင်သစ် ထုတ်လုပ်မှု လျော့နည်းကျဆင်းခြင်း လာစေခြင်း၊**

# ဆောင်ရွက်မည့်ဒေသ (စစ်ကိုင်းတိုင်းဒေသကြီး)




## ရွှေဘိုခရိုင်
- ကန့်ဘလူ
- ကျွန်းလှ
- ရေဦး
- တန့်ဆည်

## မုံရွာခရိုင်
- ကနီ၊ ပုလဲ
- မုံရွာ၊ ဘုတလင်
- ယင်းမာပင်

## ကလေးခရိုင်
- ကလေး
- ကလေးဝ
- မင်းကင်း

## မော်လိုက်ခရိုင်
- မော်လိုက်
- ဖောင်းပြင်
- တမူး

## ကသာခရိုင်
- ကသာ
- ဗန်းမောက်
- ထီးချိုင့်

## ကောလင်းခရိုင်
- ကောလင်း
- ဝန်းသို
- ပင်လယ်ဘူး

# ဆောင်ရွက်မည့်ဒေသ (မန္တလေးတိုင်းဒေသကြီး)




| ခရိုင် | မြို့နယ် |
| --- | --- |
| မန္တလေးခရိုင် | • မဟာအောင်မြေ<br>• ပုသိမ်ကြီး |
| မတ္ထီလာခရိုင် | • သာစည် |
| ကျောက်ဆည်ခရိုင် | ကျောက်ဆည် |
| ရမည်းသင်းခရိုင် | ရမည်းသင်း |
| ပြင်ဦးလွင်ခရိုင် | ပြင်ဦးလွင်<br>မတ္တရာ<br>စဉ့်ကူး<br>သပိတ်ကျင်း |

FOREST

THE WORLD BANK

# ဆောင်ရွက်မည့်ဒေသ (မကွေးတိုင်းဒေသကြီး)




- **မကွေးခရိုင်**
  - တောင်တွင်းကြီး
- **မင်းဘူးခရိုင်**
  - စလင်း
  - စေတုတ္တရာ
- **ဂန့်ဂေါခရိုင်**
  - ဂန့်ဂေါ
  - ထီးလင်း
  - ဆော
- **သရက်ခရိုင်**
  - အောင်လံ
  - မင်းတုန်း
  - ကံမ
  - ဆင်ပေါင်ဝဲ
- **ပခုက္ကူခရိုင်**
  - ပခုက္ကူမြို့နယ်
  - ပေါက်မြို့နယ်

# ဆောင်ရွက်မည့်ဒေသ (ပဲခူးတိုင်းဒေသကြီး)




**တောင်ငူခရိုင်**

- ရေတာရှည်
- တောင်ငူ
- အုတ်တွင်း
- ဖြူး

**ပဲခူးခရိုင်**

- ပဲခူး
- ဒိုက်ဦး
- ကျောက်တံခါး

**ပြည်ခရိုင်**

- ပေါက်ခေါင်း
- ပန်းတောင်း

**သာယာဝတီခရိုင်**

- သာယာဝတီ
- လက်ပန်းတန်း
- အုတ်ဖို
- နတ်တလင်း

THE WORLD BANK

# ဆောင်ရွက်မည့်ဒေသ (ဧရာဝတီတိုင်းဒေသကြီး)




**ဟသ်ာတခရိုင်**

- ကြံခင်းမြို့နယ်
- အင်္ဂပူမြို့နယ်
- မြန်အောင်မြို့နယ်

**ပုသိမ်ခရိုင်**

- ပုသိမ်မြို့နယ်
- ရေကြည်မြို့နယ်
- သာပေါင်းမြို့နယ်
- ငပုတောမြို့နယ်

# ဆောင်ရွက်မည့်ဒေသ (နေပြည်တော်ကောင်စီနယ်မြေ)




**ဒက္ခိဏာခရိုင်**

- လယ်ဝေး

**ဥတ္တရသီရိ**

- ဥတ္တရသီရိ
- တပ်ကုန်း

FOREST THE WORLD BANK

# စီမံကိန်းအပိုင်း (၄)။ အဖွဲ့အစည်းဆိုင်ရာခိုင်မာအားကောင်းစေခြင်း၊ စီမံကိန်းစီမံခန့်ခွဲမှု နှင့် စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း (Institutional Strengthening and Project Management, Monitoring and Evaluation)

<u>ဆောင်ရွက်မည့် လုပ်ငန်းများ</u>

- စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအား ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊
- စီမံကိန်းလုပ်ငန်းတိုးတက်မှု အစီရင်ခံစာများ တင်ပြခြင်း၊
- ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစီအမံများအပေါ် လိုက်နာမှု၊ အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့် လေ့လာအကဲဖြတ်မှုတို့အတွက် အဖွဲ့အစည်းဆိုင်ရာ ပံ့ပိုးကူညီခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း။

# စီမံကိန်းအကောင်အထည်ဖော်ခြင်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက် နစ်နာမှုများ လျော့နည်းသက်သာစေရန် စီမံချက်များ ရေးဆွဲခြင်း

## Stakeholder Consultation Meeting များ ကျင်းပရန် ဆောင်ရွက်ခြင်း

- စီမံကိန်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက် နစ်နာမှုများ လျော့နည်းသက်သာစေရန်အတွက် အောက်ပါစီမံချက်များ ရေးဆွဲပြုစုလျက်ရှိ ပါသည်-

  (၁) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် (Environmental and Social Management Framework–ESMF)

  (၂) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် အစီအစဉ် (Environmental and Social Commitment Plan –ESCP)

  (၃) လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း (Social Assessment)

  (၄) ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ် (Stakeholder Engagement Plan)

- စီမံချက်မူကြမ်းများကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် သစ်တောဦးစီးဌာန ဝက်ဘ်ဆိုဒ် https://www.forestdepartment.gov.mm/fredip/data/ တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

- အကျိုးဆက်စပ် ပတ်သက်သူများသို့ချပြ၍ သဘောထားမှတ်ချက်နှင့် အကြံပြုချက်များရယူမည့် Stakeholder Consultation Meeting များကို ၁၁-၁-၂၀၂၁ ရက်နေ့မှ ၁၉-၁-၂၀၂၁ ရက်နေ့အထိ **နေပြည်တော် နှင့် တိုင်းဒေသကြီး (၅)ခု** တို့တွင် ကျင်းပပြုလုပ်သွား မည်ဖြစ်ပါသည်။

THE WORLD BANK

## Stakeholder Consultation Meeting များ ကျင်းပမည့် အစီအစဉ်

| စဉ် | ရက်စွဲ | အချိန် | တိုင်းဒေသကြီး |
|---|---|---|---|
| (၁) | ၁၁-၁-၂၀၂၁ (တနင်္လာနေ့) | ၉:၀၀-၁၂:၀၀ | စစ်ကိုင်း |
| (၂) | ၁၂-၁-၂၀၂၁ (အင်္ဂါနေ့) | ၉:၀၀-၁၂:၀၀ | မန္တလေး |
| (၃) | ၁၄-၁-၂၀၂၁(ကြာသပတေးနေ့) | ၉:၀၀-၁၂:၀၀ | မကွေး |
| (၄) | ၁၅-၁-၂၀၂၁ (သောကြာ) | ၉:၀၀-၁၂:၀၀ | ပဲခူး |
| **(၅)** | **၁၈-၁-၂၀၂၁ (တနင်္လာနေ့)** | **၉:၀၀-၁၂:၀၀** | **ရှောဝတီ** |
| (၆) | ၁၉-၁-၂၀၂၁ (အင်္ဂါနေ့) | ၉:၀၀-၁၂:၀၀ | နေပြည်တော် |

## နိဂုံး

- အကျိုးဆက်စပ် ပတ်သက်သူများသို့ချပြ၍ သဘောထားမှတ်ချက်နှင့် အကြံပြုချက်များ ရယူသည့် Stakeholder Consultation Meeting များမှ ရရှိသည့် အကြံပြုချက်များကို အခြေခံ၍ စီမံချက်များ ကို အပြီးသတ် ပြင်ဆင်ပြုစုသွားမည်ဖြစ်ပါသည်။

- အကျိုးဆက်စပ်ပတ်သက်သူများ၏ အကြံပြုချက်များကို အလေးအနက်ထား ထည့်သွင်းစဉ်းစားလျက် မြန်မာနိုင်ငံသစ်တောပြန် လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ရင်းနှီး မြှုပ်နှံမှု စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

THE WORLD BANK

**ဆွေးနွေးအကြံပြုချက်များကို-**

- သစ်တောဦးစီးဌာနWebsite ttps://www.forestdepartment.gov.mm/fredip/data/ ၏ comment box ၌ လည်းကောင်း၊
- https://www.facebook.com/forestdepartment.gov.mm ၏ comment box ၌ လည်းကောင်း၊
- Gmail account- fd.fredip.esmf2021@gmail.com သို့ လည်းကောင်း၊

**"၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။"**

**ဆက်စပ်ပတ်သက်သူများ၏ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များကို ထည့်သွင်းပေါင်းစပ်ပြီး ပြင်ဆင်ထားသည့် စီမံချက်များကိုလည်း ပြန်လည်ချပြသွားမည် ဖြစ်ပါသည်။**

# ကျေးဇူးတင်ရှိပါသည်။